COLORADO

# အများပြည်သူ၏တာဝန်- ၂၀၂၁ ခုနှစ် မတ်လ နောက်ဆုံးပြင်ဆင်ချက်

**အများပြည်သူ့တာဝန်စည်းကမ်းတွင် အရေးကြီးသည့် အပြောင်းအလဲအချို့ ရှိပါသည်။ သင်၏ မိသားစုကို တည်ငြိမ်ပြီးကျန်းမာနေအောင် သင်ဆက်လက်ထားနိုင်စေရန် ကျွန်ုပ်တို့သည် သင်၌ အချက်အလက်မှန်များ ရှိနေစေချင်ပါသည်။ ကျွန်ုပ်တို့၏ ပြည်နယ်သားအားလုံးက ကျန်းမာရေးနှင့် ညီညွတ်သော လူမှုအသိုင်းအဝိုင်းကို ပံ့ပိုးသော အရေးကြီးသည့် အစီအစဉ်များတွင် ပါဝင်နိုင်သည့်အခါ ကျွန်ုပ်တို့၏ကိုလိုရာဒိုသည် ပိုမိုသန်စွမ်းပါသည်။**

## အများပြည်သူ၏တာဝန်ဟူသည် အဘယ်နည်း။

(တရားဝင်ရာသက်ပိုင်နေထိုင်ခွင့်) ဂရင်းကတ် သို့မဟုတ် အမေရိကန်ပြည်ထောင်စုအတွင်း ဝင်ရောက်ရန် ဗီဇာလျှောက်သည့်အခါ အချို့လူများက အများပြည်သူ၏တာဝန်ဖြစ်မဖြစ် စစ်ဆေးချက် ကို အောင်မြင်ရပါမည်။ လူတစ်ဦးက အနာဂတ်တွင် အစိုးရ၏ဝန်ဆောင်မှုအချို့ကို အသုံးပြုရန် အလားအလာ ရှိမရှိ ထိုစစ်ဆေးချက်က ကြည့်ပါသည်။ ဤဆုံးဖြတ်ချက်ချမှတ်ရာတွင်၊ လူဝင်မှုကြီးကြပ်ရေး အရာရှိများက အသက်၊ ဝင်ငွေ၊ ကျန်းမာရေး၊ ပညာရေး/ကျွမ်းကျင်မှုများ အပါအဝင်၊ လူတစ်ဦး၏အခြေအနေအားလုံးနှင့် ၎င်း၏စပွန်စာမှ ငွေကြေးထောက်ပံ့ပေးကြောင်း ကျမ်းကျိန်လွှာ သို့မဟုတ် စာချုပ်ကို စစ်ဆေးသုံးသပ်ပါသည်။ လူပုဂ္ဂိုလ်တစ်ဦးက အများပြည်သူအစီအစဉ်အချို့ကို အသုံးပြုခဲ့ခြင်း ရှိမရှိကိုလည်း ၎င်းတို့ ထည့်သွင်းစဉ်းစားနိုင်ပါသည်။

## မကြာသေးမီက မည်သည့်အရာ ပြောင်းလဲသွားသနည်း။

အများပြည်သူ၏တာဝန်ဆိုင်ရာ စည်းမျဉ်းတည်ရှိခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်သော်လည်း၊ ၂၀၁၉ ခုနှစ်က၊ ဤစည်းမျဉ်းတွင် အခြားအကျိုးခံစားခွင့်အစီအစဉ်များ ပါဝင်ရန် တိုးချဲ့ခဲ့ပါသည်။ သို့ရာတွင် ဗဟိုအစိုးရတရားရုံးများ၌ မကြာသေးမီက ပေါ်ပေါက်ခဲ့သည်အရာများနှင့် ဗဟိုအစိုးရ အသစ်၏ ဆောင်ရွက်ချက်များကြောင့်၊ ရှေ့ဆက်လုပ်ဆောင်ရာတွင် အစိုးရအနေဖြင့် ၂၀၁၉ ခုနှစ် အများပြည်သူဆိုင်ရာ စည်းမျဉ်းကို ကျင့်သုံးမည် မဟုတ်ပါ။ မကြာသေးမီက နိုင်ငံတော်အဆင့်၌ ဤအပြောင်းအလဲများကြောင့်၊ ဤစည်းမျဉ်းသည် ၁၉၉၉ ခုနှစ်မှသို့ ပြန်လည်ပြောင်းလဲသွားပြီး၊ ယင်းမှာ နယ်ပယ်အလွန် ကျဉ်းမြောင်းပါသည်။

"ပါဝင်သည့်အစီအစဉ်များ" ဟူသည်မှာ အများပြည်သူ၏တာဝန် စစ်ဆေးစဉ်အတွင်း လူဝင်မှုကြီးကြပ်ရေး လုပ်ငန်းစဉ်များ အချို့အတွက် ဝင်ငွေကဲ့သို့ အချက်များနှင့်အတူ ထည့်သွင်းစဉ်းစားသည့် အစိုးရ အစီအစဉ်များကို ရည်ညွှန်းခြင်းဖြစ်သည်။ "ဖယ်ထားသည့်အစီအစဉ်များ" ကို ထည့်သွင်းစဉ်းစားခြင်း မပြုပါ။

**အများပြည်သူ၏တာဝန်စစ်ဆေးချက်တွင် အများပြည်သူဆိုင်ရာ မည်သည့်အကျိုးခံစားခွင့်များ ပါဝင်သနည်း။**

| ပါဝင်သည့်အစီအစဉ်များ* | ဖယ်ထားသည့်အစီအစဉ်များ |
|---|---|
| ၁။ ထောက်ပံ့ကြေး အစီအစဉ်များ (SSI၊ Colorado Works/TANF၊ OAP (သက်ကြီးပင်စင်) နှင့် (ဆင်းရဲသော မသန်စွမ်းသူများ အတွက် အကူအညီ) | ၁။ အာဟာရဖြည့်ဆည်းပေးမှုအထောက်အပံ့ အစီအစဉ် (SNAP၊ အစားအစာပံ့ပိုးမှု သို့မဟုတ် ဖုစတင့်) |
| ၂။ အဖွဲ့အစည်းဆိုင်ရာ ရေရှည် စောင့်ရှောက်မှုကို ပံ့ပိုးသည့် အစိုးရ ထောက်ပံ့သော အစီအစဉ်များ | ၂။ ဗဟိုအစိုးရ၏ အများပိုင်အိုးအိမ်နှင့် အိုးအိမ် ဖောင်ချာများ (ပုဒ်မ ၈/အိုးအိမ်ရွေးချယ်မှု ဖောင်ချာများနှင့် ဆက်လက်စောင့်ရှောက်မှု) |
| | ၃။ Medicaid/Health First Colorado |
| | ၄။ အရေးပေါ် Medicaid |
| | ၅။ WIC |
| | ၆။ CHIP နှင့် CHP+ |
| | ၇။ ကျောင်းမနက်စာနှင့် နေ့လယ်စာများ |
| | ၈။ စွမ်းအင်အထောက်အပံ့ (LEAP) |
| | ၉။ (EITC ကဲ့သို့) အခွန်ငွေ ပြန်ပေးငွေ |
| | ၁၀။ CCCAP |
| | **၁၁။ <u>အခြားအကျိုးခံစားခွင့် အစီအစဉ်အားလုံး</u>** |

**အများပြည်သူ၏တာဝန်စည်းကမ်းသည် မည်သူနှင့် သက်ဆိုင်သနည်း။**

**<u>အများပြည်သူ၏တာဝန်စည်းမျဉ်းက ရွှေ့ပြောင်းနေထိုင်သူအားလုံးအပေါ် မသက်ရောက်ပါ။</u>**

| | |
|---|---|
| **အမေရိကန်ပြည်ထောင်စု နိုင်ငံသားများ** | **အများပြည်သူ၏တာဝန်ဆိုင်ရာ စည်းကမ်းချက်သည် သင်နှင့် မသက်ဆိုင်ပါ။** |
| **တရားဝင်ရာသက်ပန်နေထိုင်သူများ/ ဂရင်းကတ် ကိုင်ဆောင်သူများ** | **အများပြည်သူ၏တာဝန်ဆိုင်ရာ စည်းကမ်းချက်သည် သင်နှင့် မသက်ဆိုင်ပါ။ ၎င်းသည် နိုင်ငံသားခံယူရန် သို့မဟုတ် ဂရင်းကတ်သက်တမ်းတိုးရန် လျှောက်လွှာ** |

| | |
|---|---|
| | **များအပေါ် သက်ရောက်မှု မရှိပါ။** (***သို့ရာတွင် သင် အမေရိကန် ပြည်ထောင်စုမှ ရက်ပေါင်း ၁၈၀ ကျော် ထွက်ခွာသွားရန် အစီအစဉ် ရှိပါက ဥပဒေပညာရှင် တစ်ဦးနှင့် တိုင်ပင်ပါ။**) |
| **ယာယီအကာအကွယ်ပေးထားသည့် ပုဂ္ဂိုလ်များ (TPS)၊ U သို့မဟုတ် T ဗီဇာ၊ ခိုလှုံခွင့်၊ ဒုက္ခသည်၊ ဒုက္ခသည် ဖြစ်နိုင်သည့် အခြားသူများ၊ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေး အထူးအနေအထားဖြင့် လူငယ်နှင့် ဤအနေအထားများအတွက် လျှောက်ထားသူများ အပါအဝင်** | **အများပြည်သူ၏တာဝန်ဆိုင်ရာ စည်းကမ်းချက်သည် သင်နှင့် မသက်ဆိုင်ပါ။** |
| **အမေရိကန် ပြည်ထောင်စု အတွင်းမှနေ၍ ဂရင်းကတ် သို့မဟုတ် ဗီဇာ လျှောက်ရန် စီစဉ်နေသည့် ပုဂ္ဂိုလ်များ** | **အများပြည်သူ၏တာဝန်ဆိုင်ရာ စည်းကမ်းချက်သည် သင်နှင့် သက်ဆိုင်ကောင်း သက်ဆိုင်နိုင်ပါသည်။ ဝင်ငွေကဲ့သို့ အခြားအချက်များနှင့်အတူ** (**အထက်ပါ**) **အစိုးရ အစီအစဉ်အနည်းငယ်ကို အသုံးပြုခြင်းကိုသာ ဤလျှောက်လွှာတွင် ထည့်သွင်းစဉ်းစားပါမည်။** |
| **အမေရိကန် ပြည်ထောင်စု ပြင်ပမှနေ၍ ဂရင်းကတ် သို့မဟုတ် ဗီဇာ လျှောက်ရန် စီစဉ်နေသည့် ပုဂ္ဂိုလ်များ** | အများပြည်သူ၏တာဝန်ဆိုင်ရာ စည်းကမ်းချက်သည် သင်နှင့် **သက်ဆိုင်ကောင်း သက်ဆိုင်နိုင်ပါသည်။** ဆုံးဖြတ်ချက်မချမီ ပညာရှင်တစ်ဦးနှင့် ဆွေးနွေးပါ။ |

## အခြားမည်သည့်အရာများ ကျွန်ုပ်သိဖို့ လိုအပ်သနည်း။

- **အများပြည်သူ၏တာဝန်နှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနေထိုင်သူအများစုသည် ဤစစ်ဆေးချက်အရ ထည့်တွက်သည့် အကျိုးခံစားခွင့်များကို မရနိုင်ပါ၊ ပြီးလျှင် အကျိုးခံစားခွင့် အများစုကို အများပြည်သူ၏တာဝန် အကဲဖြတ်ချက်တွင် ထည့်သွင်းစဉ်းစားခြင်း မရှိပါ။**
- လောလောဆယ်သက်ရောက်နေသည့် စည်းကမ်းသည် ၁၉၉၉ ခုနှစ်ကတည်းကရှိခဲ့သည့် စည်းကမ်းပြီး ၂၀၁၉ ခုနှစ် စည်းကမ်းထက် ပိုမိုကန့်သတ်ထားပါသည်။

- COVID-19 အတွက် ကာကွယ်ဆေးများကို အများပြည်သူ၏တာဝန်အဖြစ် ထည့်သွင်းစဉ်းစားခဲ့ခြင်း မရှိသည့်အပြင် ထည့်သွင်းစဉ်းစားမည်လည်း မဟုတ်ပါ။
- သင်သည် အများပြည်သူ၏တာဝန် စည်းကမ်းအကြောင်း စိုးရိမ်နေပါက၊ ဥပဒေပညာရှင် သို့မဟုတ် ယုံကြည်စိတ်ချရသည့် လူမှုအသိုင်းအဝိုင်း အဖွဲ့အစည်းတစ်ခုကို လှမ်း၍ ဆက်သွယ်ပါ။ ကျွန်ုပ်တို့ သင့်မိသားစုကို ဘေးကင်းကျန်းမာနေစေချင်ပြီး၊ ထိုသို့ဖြစ်ရန် ကျွန်ုပ်တို့၏ အစီအစဉ်များက ကူညီနိုင်ပါသည်။